ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

National Community Driven Development Project

NCDDP

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဆော်ပထန်ကျေးရွာ၊ ဆောင်ဒူလာကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# ဆော်ပထန်ကျေးရွာ၊ ဆောင်ဒူလာကျေးရွာအုပ်စု

မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ................................................................................................ ၁

ကျေးရွာအုပ်စုမြေပုံ ....................................................................................................................၂

ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ......................................................................... ၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ..................................................................................... ၄

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်.................................................................................................၅

ကျေးရွာသမိုင်းအကျဉ်းချုပ်...............................................................................................................................၆

ဥစ္စာဓနေ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း..................................................................................... ၈

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်...........................................................................................၉

ကျား/မ ပင့်ကူအိမ် .....................................................................................................................၁၀

ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်.........................................................................................................................၁၁

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ .................................................................................................၁၂

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ....................................................................................................၁၃

ရာသီခွင်ပြ ပြက္ခဒိန်.....................................................................................................................၁၄

ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်.......................................................................................................................၁၅

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း.........................................................၁၆

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ.........................................................................၁၇

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁).................................................................၁၈

ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂) .........................................................................၂၁


ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃) ...............................................................၂၂

နောက်ဆက်တွဲ)၄(၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ .........................၂၄

ကျေးရွာအစည်းအဝေးမှတ်တမ်းများ..................................................................................................................၂၅

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ...........................................၂၇

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



# ကျေးရွာအုပ်စုမြေပုံ




မုလဆောင်ဒုလာကျေးရွာအုပ်စုမြေပုံ
မ
တ
ဂ
ဒါဘန်းပလိုကျေးရွာအုပ်စု
ဒေါတဝီ
အြောနောင်ပုလဲ
ခူးပရာပတိုင်
ဆိုဒဲခု
ကိုုင်ငံရွာပောင်း
ယူဆမိုဆို
ငံရှိး
ဆော်ပထန်
ဖရူဆိုမြို့နယ်
ရည်ညွှန်းချက်
ကျေးရွာနယ်နိမိတ်
ကားလမ်း
ကျေးရွာ
ကျေးရွာနယ်နိမိတ်

## ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁ | ဆောင်ဒူလာ | ၇၁ | ၂၅၀ | ၂၁၀ | ၄၆၀ |
| ၂ | ယူဆမိုဆို | ၈၇ | ၂၉၇ | ၃၁၅ | ၆၁၂ |
| ၃ | ဆော်ပထန် | ၆၄ | ၁၈၂ | ၁၈၁ | ၃၆၃ |
| ၄ | ငံရိုး | ၆၅ | ၁၉၉ | ၁၈၄ | ၃၈၃ |
| ၅ | ကွိုင်ငံရွာဟောင်း | ၉၀ | ၂၇၀ | ၂၅၅ | ၅၂၅ |
| ၆ | ကွိုင်ငံရွာသစ် | ၆၈ | ၁၉၆ | ၁၉၈ | ၂၉၄ |
| ၇ | ဆိုဒဲခူ | ၄၆ | ၁၈၉ | ၁၃၃ | ၃၂၂ |
| ၈ | ခူးပရာပတိုင် | ၁၄၇ | ၃၈၂ | ၃၉၈ | ၇၈၄ |
| ၉ | အေနော်ပုလဲ | ၄၉ | ၄၉၈ | ၂၁၀ | ၇၀၈ |
| ၁၀ | ဆီးသင်ကုန်း | ၃၉ | ၅၃ | ၅၆ | ၁၀၉ |
| ၁၁ | ဒိုင်းလင်းအေးသာ | ၂၅ | ၆၅ | ၅၃ | ၁၁၈ |
| ၁၂ | ဒေါ်တဝီ | ၅၇ | ၁၃၆ | ၁၃၇ | ၂၇၃ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဆော်ပထန်ကျေးရွာသည်အိမ်ခြေ(၈၉)အိမ်ဖြင့်တည်ရှိပြီးကျေးရွာနှင့်ယူဆမိုဆိုကျေးရွာတို့ရွာချင်းထိစပ်နေပြီးရွာချင်းဆက်မြေသားလမ်းမကြီး(၁)လမ်းတည်ရှိနေပါသည်။ကျေးရွာ၏နောက်ဘက်တွင်ကျေးရွာပိုင်သစ်တော၊တောင်တန်းကျောက်ဆောင်နှင့်တောင်ယာခင်းများစသည့်ကျေးရွာအရင်းအမြစ်များကိုပိုင်ဆိုင်ထားပြီး ထိုအရင်းအမြစ်များအားဖြင့် ကျေးရွာသူရွာသားများအိမ်တည်ဆောက်ခြင်း၊ လမ်းပြုပြင်ခြင်း၊ ကျေးရွာပိုင်အဆောက်အဦးများတည်ဆောက်ခြင်းနှင့်ကျောက်ထုတ်ခြင်း၊တောင်ယာခင်းစိုက်ပျိုးခြင်းစသည်တို့ကိုအသုံးပြုကြပါသည်။ကျေးရွာ၏အင်ပြင်အရှေ့ဘက်တွင်လယ်ယာများရှိပြီးထိုလယ်ယာများမှကျေးရွာသူရွာသားများစပါးစိုက်ပျိုးခြင်းဖြင့် စားဝတ်နေရေးအတွက်လုပ်ကိုင်နေကြပါသည်။ ကျေးရွာ၏တောင်ဘက်တွင် ငံရိုးကျေးရွာ၊မြောက်ဘက်တွင်ယူဆမိုဆိုကျေးရွာတို့နှင့် ကျေးရွာချင်းထိစပ်လျက်ရှိပြီး မြေသားလမ်းဖြစ်၍ဆက်သွယ်နေကြပါသဖြင့်မိုးရာသီကာတွင်လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးသွားလာရေးအဆင်မပြေသောကျေးရွာတစ်ရွာဖြစ်ပါသည်။ဆော်ပထန်ကျေးရွာတွင်နွေရာသီကာလတွင်အခြားအိုင်ဂျီအိုမှထောက်ပံ့တည်သောပေးခဲ့သောမိုးရေလှောင်ကန်များနှင့်အစိုးရမှရေသွယ်

ယူခြင်းများဆောင်ရွက်ပေးနေသဖြင့်ရေလုံလောက်စွာသုံးစွဲခွင့်ရသောကျေးရွာတစ်ရွာဖြစ်ပါသည်။ထိုကျေးရွာရှိ လူမှုရေးနှင့်အရင်းအမြစ်များ၊ကျေးရွာ၏တည်ရှိနေပုံနှင့် ကျေးရွာ၏ဖွံ့ ့ဖြိုးရန်လိုအပ်ချက်များကိုပိုမိုသိရှိလာနိုင်ပါသည်။

ပါဝင်ဆွေးနွေးသူ – ကျား ( ၂၄) ဦး ၊ မ ( ၂၅ ) ဦး

ဦးဆောင်ဆွေးနွေးသူ – ဦးစောဆာကပြုထူး ( လူထုစည်းရုံးရေးမှူး )

**ကျေးရွာ၏ နောက်ခံ သမိုင်း**

ဆော်ပထန်ကျေးရွာသည် ဆာခလီတောင်ကျေးရွာမှ ဆော်ပထန်ကျေးရွာသို့ (၁၉၅၉)ခုနှစ်တွင် (၇)အိမ်ထောင်စုမှ စတင်အခြေချနေထိုင်ခဲ့ပါသည်။

ဆာခလီတောင်ရွာမှ ပြောင်းရခြင်းအကြောင်းအရင်းမှာ တောင်ပေါ်ဒေသဖြစ်ခြင်း၊ ရေရှားပါးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘေးပတ်ဝန်းကျင်ရွာနှင့်ဆက်သွယ်ခြင်း စသည့်အခက်အခဲအမျိုးမျိုးကြောင့် ဖြစ်သည်။

ဆော်ပထန်ကျေးရွာနေထိုင်သောကာလ၌ မိုးခေါင်ရေရှား၊ ပြည်တွင်းစစ်ဒဏ်၊ကပ်ရောဂါနှင့် အခြားရောဂါအမျိုးမျိုးခံရကာ ကျော်လွှားဖြတ်သန်းနေထိုင်လာပါသည်။စားဝတ်နေရေးမှာ ရွာလုံးကျွတ် လယ်ဧက (၅၀)ခန့်သာ ရှိပြီး အများအားဖြင့် တောင်ယာလုပ်ကိုင်အသက်မွေးဝမ်းကြောင်းဖြစ်ရာ ဖူလုံမှုနည်းပါးပါသည်။

ယခုလက်ရှိ (၂၀၁၆)ခုနှစ်တွင် အိမ်ခြေ(၇၀)လုံး လူဦးရေ ကျား(၁၉၀)+မ(၁၆၁)ဦး စုစုပေါင်း (၃၅၁)ဦး ရှိပါသည်။

ဆော်ပထန်ကျေးရွာ၏ ပညာရေးနှင့်စပ်လျဉ်း၍ အခြေခံပညာမူလတန်းကျောင်းနှင့် မူကြိုကျောင်း ဟူ၍ရှိပြီး မူလတန်းကျောင်းမှာ(၁၉၉၁)ခုနှစ်မှာ ကိုယ်ထူကိုယ်ထကျောင်းကို ဝါးထရံအင်ဖက်မိုးဖြင့် စတင်တည် ဆောက်ခဲ့ပြီး (၁၉၉၄)ခုနှစ်၊အစိုးရကျောင်းအဖြစ် အသိအမှတ်ပြုပေးပါသည်။ဆရာ/မတို့သည် ကျောင်းသားမိဘ အိမ်တွင်နေထိုင်၍ စာသင်ရပါသည်။(၁၉၉၁)ခုနှစ်တွင် အလျား ပေ(၆၀) အနံ (၂၄)ပေ အုတ်ညှပ်သွပ်မိုး ထက် ဆောက်ခဲ့ပါသည်။သို့သော် သစ်နုသစ်ဖျော့နှင့်တည်ဆောက်သဖြင့် ချစားပျက်စီးရာ (၂၀၁၀-၁၁)ခုနှစ်တွင် အလျား ပေ(၁၀၀) အနံ ပေ(၃၀) အုတ်ညှပ်သွပ်မိုးတစ်ဆောင်ထပ်မံဆောက်လုပ်ခဲ့ပါသည်။

ယခုလက်ရှိ ဆရာ/မတို့သည် ယခင်အသုံးပြုခဲ့သော စာသင်ကျောင်းဟောင်းတွင် နေထိုင်လျက် ရှိပြီး ချစားဆွေးမြေ့ပြီး ဖြစ်သောကြောင့် ရာသီဥတုဒဏ်မခံနိုင်သည့်အတွက် ဆရာ/မတို့အပေါ်အချိန်မရွေး အန္တရာယ်ကျရောက်နိုင်ပါသည်။ဤသို့ဖြင့် ဆရာ/မတို့၏နေအိမ်သည် အတည်တကျဆောက်လုပ်ခြင်းမရှိသေးပါ။ ကျောင်းသူ/သားတွင်လည်း ညစာဖတ်ဝိုင်းနေရာမရှိသည့်အတွက် စာဖတ်အားနည်းလာပြီး ပညာရေးနောက်ကျ သည်အထိ တွေ့ကြုံနေရပါသည်။

**စီမံကိန်း အစကြောင်းအရင်း**


ဆော်ပထန်ကျေးရွာသည် ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ကျောင်းတွင် သူငယ်တန်းမှစတုတ္ထတန်းအထိရှိပြီး ကျောင်းသား/သူဦးရေမှာ (၆၁)ဦးရှိပါသည်။ဆရာ/မဝန်ထမ်းဦးရေမှာ (၆)ဦး ရှိပါသည်။

ဆရာ/မများသည် စာသင်ကျောင်းအဟောင်းမှာသာ နေထိုင်ကြရပါသည်။စာသင်ဆောင်အဟောင်းမှာ သစ်နှ၊သစ်ပျော့များဖြင့် ဆောက်လုပ်ထားသည့်အတွက် ဆွေးမြေ့နေပြီဖြစ်သောကြောင့် ဆရာ/မများအတွက် အန္တရာယ်နှင့်တွေ့ကြုံနိုင်ပါသည်။

ဆော်ပထန်ကျေးရွာသည် အခြားရွာနှင့်ချိတ်ဆက်ထားသော လမ်းမှာလည်း ကျောက်ခင်းလမ်းမရှိသေးရာ မြေသားလမ်းဖြင့်သာ သွားလာအသုံးပြုကြရပါသည်။မိုးရွာသည့်အခါ ရပ်ဝေးတွင်နေထိုင်သော ဆရာ/မ တို့သည် ကျောင်းသို့အချိန်မီမရောက်ရှိနိုင်သဖြင့် စာသင်ချိန်ပြည့်မီမှုနည်းပါးသောကြောင့် ကျောင်းသူ/ကျောင်းသားများအတွက် စာသင်ချိန်နောက်ကျခြင်းမျိုးနှင့် ကြုံတွေ့ရပါသည်။


ကျေးရွာတွင်နေထိုင်သည့် ကလေးသူငယ်များ စာဖတ်ဝိုင်းနေရာမရှိပါသဖြင့် ပညာရေးနောက်ကျကျန်ရစ်နေပါသည်။ကျေးရွာအတွင်းနေထိုင်သောသူသည် စာတတ်ပေတတ်နည်းပါးမှုကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းမှာလည်း အောက်ကျနောက်ကျဖြစ်နေရပါသည်။စာသင်ကျောင်းတွင် တာဝန်ကျ ဆရာ/မများအတွက် လုံခြုံစိတ်ချသောနေရာမရှိပါသဖြင့် လုံခြုံစိတ်ချနိုင်ခဲ့သော ပညာရေးဝန်ထမ်းအိမ်ရာနှင့်ကလေးများ၏စာဖတ်ဝိုင်းနေရာကို ပူးတွဲ၍ ဆောက်လုပ်ရခြင်းဖြစ်ပါသည်။

## ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ဆော်ပထန်ကျေးရွာတွင် အိမ်ခြေ(၈၉)အိမ်ခြေရှိသည့်အနက် အိမ်ခြေ(၃)အိမ်ထောင်စုမှာအဆင့်(အေ)၊အိမ်ထောင်စု(၆၅)စုမှာအဆင့်(ဘီ)နှင့်အိမ်ထောင်စု(၂၀)အိမ်ထောင်စုမှာအဆင့်(စီ)ဟုပိုင်ဆိုင်မှုအဆင့်များကိုအသီးသီးသတ်မှတ်ကြပါသည်။ပြေလည်သောအုပ်စုကိုအဆင့်(အေ)ဟုသတ်မှတ်ပြီး မိမိတို့ပိုင်ဆိုင်မှုမှာ ထော်လာဂျီ၊လယ်(၃)ဧကအထက်၊ ယာ(၃)ဧက၊ ဆိုင်ကယ်၊တိုက်အိမ်(၂)ထပ်၊ကားစသည်တို့ဖြင့်သတ်မှတ်ထားပါသည်။အကြောင်းထိုအိမ်ထောင်စုများသည်စီးပွားရေးပိုမိုလုပ်ကိုင်နိုင်ခြင်း၊လယ်ယာပိုင်ဆိုင်မှုပိုများနေသဖြင့်စားဝတ်နေရေးပိုမိုအဆင်ပြေနေပြီးအခြားစီးပွားရေးအတွက်ပိုမိုလုပ်ကိုင်နိုင်ခြင်းဖြစ်သည်။အလည်အလတ်အုပ်စုကို အဆင့်(ဘီ)သတ်မှတ်ထားပြီး ထိုအုပ်စု၏ပိုင်ဆိုင်မှုမှာ လယ်၊ယာ၊ ဆိုင်ကယ်၊ဝက်၊ပျဉ်ထောင်အိမ်စသသည်တို့ဖြင့်သတ်မှတ်ထားပါသည်။ အကြောင်းမှာ ထိုအုပ်စုများသည် မိမိတို့ရဲ့ လယ်ယာများကိုစိုက်ပျိုးခြင်းဖြင့် စားဝတ်နေရေးအတွက် လုပ်ကိုင်နေကြသည်။အခြားသောဝင်များအနေဖြင့်တစ်ပိုင်တစ်နိုင်စီးပွားရေးကုန်ဆိုင်အသေးစားများ၊နေ့စားလုပ်သားဆောင်ရွက်ခြင်း၊တောင်ယာစိုက်ပျိုးခြင်းမှရရှိလာသည့်အသီးအနှံများကိုအနည်းငယ်ရောင်းခြင်းဖြင့်စားဝတ်နေရေးကိုဖြေရှင်းနေရသည်ဟုသုံးသပ်ရပါသည်။မပြေလည်သောအုပ်စုကိုအဆင့်(စီ)ဟုသတ်မှတ်ထားပြီးထိုအုပ်စု၏ပိုင်ဆိုင်မှုမှာဝါးထရံအိမ်ဖြင့်သာတည်ရှိနေသည်ကိုသုံးသပ်ထားပါသည်။ ထိုအုပ်စုများသည် မိမိတို့စားဝတ်နေရေးအတွက် တောင်ယာများကိုအသီးအနှံစိုက်ပျိုးခြင်းဖြင့် အသက်မွေးပြုကြသည်။ ထိုအုပ်စုများသည် အများအားဖြင့်နေ့စားအလုပ်ဖြစ်သော ပေါင်းရှင်းခြင်း၊စပါးစိုက်ခြင်း၊စပါးရိုက်ခြင်းစသည့်ကျပန်းအလုပ်များကိုလုပ်နေခြင်းဖြင့် ဝင်ငွေများကိုရှာနေကြပါသည်။ ထိုအုပ်စုများသည် စီးပွားရေးအတွက်အရင်းအနှီးမရှိသည့်အတွက်အခြားဝင်ငွေရရှိမှုနည်းပါးနေသည်ကိုတွေ့ရပါသည်။နွေရာသီကာလတွင်အခြားရွာသို့ကျောက်ထုခြင်း၊နေ့စားဆောက်လုပ်ရေးလုပ်ခြင်းစသည်တို့ဖြင့်ဝင်ငွေများကိုရှာနေကြပါသည်၊ မပြေလည်သောအုပ်စုသည် ကျေးရွာတွင်အများစုဖြစ်နေသည်။



## ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

ဆော်ပထန်ကျေးရွာ၏ပူးပေါင်းပါဝင်မှုဆောင်ရွက်မှုအခြေအနေမှာကျေးရွာအစည်းအဝေးတွင်လည်းကောင်း၊ လုပ်အားပေးတွင်လည်းကောင်းအမျိုးသားများနှင့်အမျိုးသမီးများပူးပေါင်းပါဝင်မှုတူညီနေပါသည်။ အကြောင်းမှာကျေးရွာသူရွာသားများသည်မိမိကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး

လိုအပ်ချက်များကို အတူတကွဆွေးနွေးတိုင်ပင်ကြပြီးအတူတကွဆောင်ရွက်နေကြသည်ကိုတွေ့ရပါသည်။ သို့သော်အမျိုးသမီးများသည် အမျိုးသားများနည်းတူလုပ်ရမည့်လုပ်ငန်းများကို မလုပ်နိုင်သောကြောင့်ဆုံးဖြတ်ချက်ချရာတွင်လည်းပြတ်ပြတ်သားသားမဆုံးဖြတ်နိုင်ခြင်းစသည့်စိတ်မှုနှင့်ကြုံတွေ့နေရပါသည်။ ဤသို့ဖြစ်ပါသောကြောင့်အမျိုးသားများထက်ဆုံးဖြတ်ချက်ချနိုင်မှုမရှိသဖြင့် အမျိုးသားခေါင်းဆောင်မှုနှင့် အမျိုးသမီးခေါင်းဆောင်နိုင်မှုအနေအထားကို နှိုင်းယှဉ်ကြည့်ပါက အမျိုးသမီးများခေါင်းဆောင်နိုင်မှုအားနည်းနေသည်ကိုတွေ့ရှိရပါသည်။ ဆောင်ဒူလာကျေးရွာ၏ပညာတတ်မြောက်မှုအခြေအနေမှာအမျိုးသားနှင့်အမျိုးသမီးများမခွဲခြားဘဲပညာရေးကိုစိတ်ဝင်စားမှုပေါ်မူတည်ပြီးသားသမီးများတန်းတူပညာသင်ကြားခွင့်ပေးပါ


သည်။ သို့သော်အမျိုးသားများသည်မိသားစုစားဝတ်နေရေးအဆင်ပြေရန်အတွက်ရှေ့ရှုထားရသောကြောင့်ပညာရေးပိုင်းကိုစိတ်ဝင်စားနည်းပြီးအချိန်ပေးနိုင်မှုအားနည်းနေပါသည်။ ယူဆမိုဆိုကျေးရွာ၏အမွေရပိုင်ခွင့်အခြေအနေမှာရှေးအစဉ်အလာအရအမျိုးသားသာအမွေရပိုင်ခွင့်ရှိသည်ဟုယူဆနေသောကြောင့်အမျိုးသားများသည်အမျိုးသမီးများထက်အမွေရပိုင်ခွင့်ပိုမိုရှိနေပါသည်။ ထို့ကြောင့်ပင့်ကူအိမ်သုံးသပ်ချက်မှာ အမျိုးသမီးများအနည်းငယ်သာအမှတ်ရှိနေသည်ကိုတွေ့ရပါသည်။ အမျိုးသမီးများသည်အမျိုးသားများထက်အိမ်မှုကိစ္စလုပ်ငန်းများဆောင်ရွက်နိုင်ပါသည်။ အမျိုးသားများသည်အမျိုးသမီးများထက်အိမ်မှုအလုပ်များဆောင်ရွက်နိုင်မှုနည်းခြင်း၏

အကြောင်းရင်းမှာအမျိုးသားများသည်စားဝတ်နေရေးအတွက်အပြင်ထွက်အလုပ်လုပ်ရခြင်း၊ ငွေရှာခြင်း၊ ခရီးထွက်ရခြင်းကြောင့် အိမ်မှာအမြဲမနေရခြင်းဖြစ်သည်။ အမျိုးသမီးများရင်ဆိုင်ကြုံတွေ့ရသောစိန်ခေါ်မှုမှာအိမ်မှုကိစ္စအချိန်ပြည့်အလုပ်လုပ်နေရခြင်း၊ အလုပ်နားချိန်မရှိခြင်း၊ မိမိတာဝန်ကျေပွန်ရန်အတွက်မဖြစ်မနေအလုပ်လုပ်နေရခြင်းဖြစ်သည်။ ထိုသုံးသပ်ချက်ကြည့်ခြင်းဖြင့် အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု ကိစ္စကြောင့်အမျိုးသားနည်းတူ ဝင်ငွေမရရှိခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အပြည့်အဝမရှိခြင်းစသည်တို့ကိုတွေ့ရှိရပါသည်ဟု သုံးသပ်ရပါသည်။

ပါဝင်ဆွေးနွေးသူ – ကျား ( ၂၄ ) ဦး ၊ မ ( ၂၅ ) ဦး

ဦးဆောင်ဆွေးနွေးသူ – ဦးစောဆာကပြုထူး ( လူထုစည်းရုံးရေးမှူး )

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

ဆော်ပထန်ကျေးရွာအတွင်းတွင်ကျေးရွာအတွင်းတွင်ဖွဲ့စည်းထားသောအဖွဲ့အစည်းနှင့်ပြင်ပအဖွဲ့ ့အစည်းချိတ်ဆင်မှုအား ဆွေးနွေးခဲ့ရာတွင်ကျေးရွာအတွင်းတွင်အဖွဲ့အစည်း(၁၀)ဖွဲ့ ့နှင့်ပြင်ပအဖွဲ့ ့အစည်း(၄)ဖွဲ့ ့ရှိကြောင်း ဆွေးနွေးကြပါသည်။ ကျေးရွာအတွင်းတွင် လုပ်ရှားမှုအများဆုံးနှင့် ကျေးရွာလူထုနှင့်ထိတွေ့ ့မှုအများဆုံးအဖွဲ့မှာကျေးရွာအုပ်ချုပ်ရေးမှုးအဖွဲ့ဖြစ်ပါသည်။ထိုအဖွဲ့များသည်ကျေးရွာနှင့်ပတ်သက်ကိစ္စအဝဝဖြစ်သော လူမှုရေး၊ဘာသာရေး၊စီးပွားရေး၊နာရေးနှင့် ကျေးရွာဖွံ့ ့ဖြိုးရေး စသည့်ကိစ္စများဖြင့်ချိတ်ဆက်နေရခြင်းကြောင့်ဖြစ်သည်။ ကျေးရွာဖွံ့ ့ဖြိုးရေးကော်မတီအဖွဲ့ ့များသည် ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သောအိုင်ဂျီအိုအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသောအခြား အဖွဲ့ အစည်းများဖြင့် အများအားဖြင့်ချိတ်ဆက်နေကြပါသည်။အုပ်ချုပ်ရေးမှုးအဖွဲ့များသည်ပြင်ပမြို့နယ်အုပ်ချုပ်ရေးမှုးတို့မှတဆင့်ချိတ်ဆက်ပြီးကျေးရွာ၏မီးရရှိရေး၊ရေရရှိရေး၊လမ်းရရှိရေးစသည်တို့ဖြင့်ချိတ်ဆက်ပြီး ကျေးရွာတွင်လှုပ်ရှားမှုအများဆုံးအဖွဲ့ ့ဖြစ်ပါသည်။ အခြားသောကျန်းမာရေးအဖွဲ့ ့၊မေတ္တာဖော်ဒေးရှင်းအဖွဲ့ ့များသည်အုပ်ချုပ်ရေးမှုးအဖွဲ့ ့မှတဆင့်စီမံကိန်းလုပ်ထုံးလုပ်နည်းများအားကျေးရွာလူထုဖြင့်ချိတ်ဆက်ပြီးလုပ်ဆောင်နေကြပါသည်။ ကျေးရွာအတွင်းတွင်ဘာသာရေးမှဖွဲ့စည်းထားသောများသည်သာသနာခေါင်းဆောင်၏ဦးဆောင်မှုအောက်တွင်သာလှုပ်ရှားကြောင်းတွေ့ရပါသည်။ထိုအဖွဲ့အစည်းများသည်ကျေးရွာ၏ဘာသာရေး၊လူမှုရေးနှင့်ကျေးရွာဖွံ့ဖြိုးရေးအတွက်အတူတကွပူးပေါင်းဆောင်ရွက်နေကြသည်။

ပါဝင်ဆွေးနွေးသူ – ကျား ( ၂၄ ) ဦး ၊ မ ( ၂၅ ) ဦး

ဦးဆောင်ဆွေးနွေးသူ – ဦးစောဆာကပြုထူး ( လူထုစည်းရုံးရေးမှုး )

## ရာသီခွင်ပြ ပြက္ခဒိန်




ဆော်ပထန်ကျေးရွာ၏အဓိကအလုပ်အကိုင်အရင်းအမြစ်မှာတောင်ယာနှင့်လယ်ယာများဖြစ်ပြီးစိုက်ပျိုးသီးနှံများမှာ စပါး၊ပြောင်းဖူး၊ပဲ၊မြေပဲနှင့်ပြောင်းကောက် စသည်တို့ဖြစ်ပါသည်။ ကျေးရွာလူထုများသည် မိမိတို့ပိုင်ဆိုင်ထားသောတောင်ယာများကိုအဓိကထားလုပ်ကိုင်နေကြပြီး တောင်ယာခင်းများကို ဖေဖော်ဝါရီလတွင် ရှင်းလင်းခြင်းများအများစုပြုလုပ်နေကြပါသည်။ ထိုတောင်ယာများကိုအများအားဖြင့်ပြောင်း၊မြေပဲ၊ပဲပုတ်နှင့်ပြောင်းကောက်စသည့်စီးပွားရေးဖြစ်သောအသီးများကိုစိုက်ပျိုးလုပ်ကိုင်ကြပြီးထိုအရာများဖြင့် ရရှိလာသောအထွက်သီးနှံများကို ရောင်းခြင်းဖြင့် စားဝတ်နေရေးအတွက်ဝင်ငွေများရရှိလာသည်။ မိုးရာသီကာလဖြစ်သောဇွန်လတွင်စပါးစိုက်ပျိုးသည့်လဖြစ်သည်လယ်မရှိသည့်သူများသည်စိုက်ပါးစိုက်အငှားလိုက်ခြင်း၊ပေါင်းရှင်းခြင်း၊စပါးရိုက်ခြင်းစသည့်နေ့စားလုပ်အားလုပ်ခြင်းတို့ဖြင့်ဝင်ငွေများကိုရှာဖွေနေကြပါသည်။ မိုးရာသီကာလမှာ ကျေးရွာတွင်မြေသားလမ်းများဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေးလမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ကာလဖြစ်သည်ကိုတွေ့ရပါသည်။ နွေရာသီကာလတွင်သောက်သုံးရေရှားပါးဆုံးကာလဖြစ်ပါသည်။အကြောင်းမှာကျေးရွာနကီးနားတွေရေထွက်ပင်ရင်းမရှိခြင်း၊ရေအရင်းအမြစ်မရှိခြင်းဖြင့် ရေရရှိရေးအလွန်ပင်ခက်ခဲနေသဖြင့် အိုင်ဂျီအိုမှဆောင်ရွက်ပေးသောကျေးရွာမိုးရေလှောင်ကန်နှင့်ကိုယ်ပိုင်မိုးရေလှောင်ကန်များတည်ဆောက်ခြင်းဖြင့်ထိုအခက်အခဲများကိုဖြေရှင်းနေရပါသည်။ထိုကာလတွေရေကိုချွေတာသုံးနေရခြင်းဖြစ်သည်။ နွေရာသီကာလတွေ ကျေးရွာလူထုအချို ့တို့သည် အခြားနယ်သို့နိုင်ငခြားသို့ကျေးရွာမှထွက်ခွာပြီး အလုပ်များရှာဖွေလုပ်ကိုင်နေကြပါသည်။

ပါဝင်ဆွေးနွေးသူ – ကျား ( ၂၄ ) ဦး ၊ မ ( ၂၅ ) ဦး

ဦးဆောင်ဆွေးနွေးသူ – ဦးစောဆာကပြုထူး ( လူထုစည်းရုံးရေးမှူး )

# ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း



ကျေးရွာ- ခဆင်ပထင်
အုပ်စု -ဆောင်ခွဲသာ
Date .6.12. 2016

လူထုဗဟိုပြုစီမံကိန်း
ကျေးရွာကော်မတီများ၏အမည်စာရင်း

| စဉ် | ကော်မတီအမည် | ရာထူး | အမည် |
|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးဖိုးဒီ |
| | | ဒုဥက္ကဋ္ဌ | ဒေါ်ဖောင်းမူ |
| ၂။ | ဝယ်ယူရေးအပ်ကော်မတီ | ခေါင်းဆောင် | ဦးဒွေးရှု |
| | | အဖွဲ့ဝင် | ဦးစိုးရှု |
| | | အဖွဲ့ဝင် | ဒေါ်နီနယ် |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့ကော်မတီ | ခေါင်းဆောင် | ဦးအင်းရှု (ဥက္ကဋ္ဌ) |
| | | အဖွဲ့ဝင် | ဦးကိုနီ (အေး) |
| | | အဖွဲ့ဝင် | မကျူးမူ |
| ၄။ | လည်ပတ်ထိန်းသိမ်းရေး အပ်ကော်မတီ | ခေါင်းဆောင် | ဦးဒိုက်ရွှေ (ကျွဲ) |
| | | အဖွဲ့ဝင် | ဦးဖောင်းနီ (ကျွဲ) |
| | | အဖွဲ့ဝင် | ဒေါ်ဖော်းမ |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦးဖောင်းနီ |
| ၆။ | ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့ | အဖွဲ့ဝင် | ဦးဂျမ်းရှု |
| | | အဖွဲ့ဝင် | ဒေါ်ဆော်ဆော်မိုင် |
| ၇။ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးကိုနီ |
| | | အဖွဲ့ဝင် | ဒေါ်ပိုးမူ |




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





# ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ  (PC-၁)



(စ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ


| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ✓ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် [illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ✓ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ ပိုက်သမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ✓ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ✓ | ☐ |
| အခြား | ☐ | ☐ | မြည်သူ့ကျန်းမာရေးလုပ်သား | ✓ | ☐ | စက်ပြင်ဆရာ | ✓ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဖြည့်ပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လှည်းလမ်း | အခြား ____ |



လူထုဗဟိုပြု စီမံကိန်း စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် ၂၀၁၃/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? အတည်ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

(စ) [illegible]

(၁) ဤကျေးရွာမှ [illegible] ကျေးရွာအုပ်စုဗဟိုအထိ [illegible]? ရှိ/[illegible]/မသိပါ

(၂) ဤကျေးရွာမှ ကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 20:00 ခြေလျင်/မော်တော်ဆိုင်ကယ်/မြင်းလှည်း/လှေ/မော်တော်ဘုတ်/

အခြား ______

မိုးရာသီတွင်ကြာချိန် 2:00 ခြေလျင်/မော်တော်ဆိုင်ကယ်/မြင်းလှည်း/လှေ/မော်တော်ဘုတ်/

အခြား ______

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုဖြစ်ခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) LDN

(၂) CDD


ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] ရက်စွဲ ၂၇.၁၀.၂၀၁၇


လူထုစည်းရုံးရေးမှူး အမည် [illegible]


လက်မှတ် [illegible] ရက်စွဲ ၂၇.၁၀.၂၀၁၇

# ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)



# ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)


ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)




| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | [illegible] | ၈၀/၁၆ | |
| ၂ | [illegible] | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှု အတည်ပြုသည်။

အမည် ဒေါ်ခက်ခက်ခိုင် လက်မှတ် [illegible] နေ့စွဲ ၂၇-၁၀-၂၀၁၇

နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ



## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

### ရွာအစည်းအဝေးမှတ်တမ်းများ

ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

နေ့ရက်–၂၉.၁၀.၂၀၁၇

နေရာ–ဆော်ပထန်ကျေးရွာဦးမွဲစုနေအိမ်

အုပ်စု–ဆောင်ဒူလာအုပ်စု

ကျေးရွာ–ဆော်ပထန်ကျေးရွာ

အချိန်–နံနက် ၉း၀၀နာရီ မှ နေ့လည် ၁၂း၀၀နာရီ

အစည်းအဝေးမတင်တင်ခင်မှာတက်ရောက်သူစရင်းကောက်ယူပြီးကျေးရွာအုပ်ချုပ်ရေးမှူးဦးမွဲစုမှအဖွင့်အမှာစကားပြောကြားပြီးနောက်လူထုစည်းရုံးရေးမှူးမှတက်ရောက်လာသောဝန်ထမ်းများကိုမိတ်ဆက်ပြီး လူထုဗဟိုပြုစီမံကိန်းတတိယနှစ်စက်ဝန်း ဆောင်ရွက်ရန်အတွက်လူထုပူးပေါင်းပါဝင်မှုလိုအပ်ကြောင်းပြောကြားခဲ့ပါသည်။ ပြီးနောက် လူထုစည်းရုံးရေးမှူးမှစီမံကိန်းအကြောင်းမိတ်ဆက်ခြင်းနှင့်စီမံကိန်းပါဝင်သူ၏တာဝန်ဝတ္တရားများကိုရှင်းပြခဲ့ပါသည်။ပြီးနောက်လက်ထောက်နည်းပြမှူးမှစီမံကိန်းစက်ဝန်းအကြောင်းကိုရှင်းပြခဲ့ပါသည်။ထို့နောက်လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းကို ကျေးရွာလူထုနှင့်အတူတကွပူးပေါင်းပြီးဆွေးနွေးခဲ့ကြပါသည်။ထို့နောက်လူထုစည်းရုံးရေးမှူးမှဒုတိယအကြိမ်ကျေးရွာအစည်းအဝေးပြုလုပ်ရန်အတွက်ပြောကြားခြင်းနှင့် ကျေးဇူးတင်စကားပြောပြီးအစည်းအဝေးပိတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးစောဆာကပြုထူး

လူထုစည်းရုံးရေးမှူး

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

နေ့ရက်–၂၉.၁၀.၂၀၁၇

နေရာ–ဦးမွဲစူနေအိမ်

အုပ်စု–ဆောင်ဒူလာအုပ်စု

ကျေးရွာ–ဆော်ပထန်ကျေးရွာ

အချိန်– နေ့လည် ၁း၀၀နာရီ မှ ညနေ၄း၀၀နာရီထိ

အစည်းအဝေးမတင်ခင်မှာတက်ရောက်လာသူစရင်းကောက်ယူပြီးလူထုစည်းရုံးရေးမှူးမှ ပထမအကြိမ်အစည်းအဝေးမှပြုလုပ်သောလူမှုဆန်းစစ်ခြင်းများကိုပြန်လည်အနှစ်ချုပ်ပြောကြားပြီးကျေးရွာစီမံခန့်မှု၏တာဝန်များကိုရှင်းပြခဲ့ပါသည်။ထို့နောက်ကျေးရွာကော်မတီများကိုရွေးချယ်ခဲ့ပါသည်။ထို့နောက် ကျေးရွာလူထုနှင့်အတူတကွ ကျေးရွာ၏အခက်အခဲများနှင့်မျော်မှန်းချက်များကိုဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။ထို့နောက်လူထုစည်းရုံးရေးမှူးမှအကာအကွယ်အကြောင်းနှင့် စီမံကိန်းတွင်အကျုံးဝင် အကျုံးမဝင်စီမံကိန်း လုပ်ငန်းများအကြောင်းကိုရှင်းပြပြီး ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများကိုရွေးချယ်ခဲ့ကြပါသည်။ထို့နောက်ကျေးရွာလူထုမှဦးစားပေးလုပ်ငန်းအဖြစ်ကျေးရွာလမ်းကြာပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကိုသဘောတူရွေးချယ်ခဲ့ကြပါသည်။ထို့နောက်ကျေးရွာလူထုကိုယ်စားလှယ်တစ်ဦးမကျေးဇူးတင်စကားပြောကြားပြီးအစည်းအဝေးပိတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးစောဆာကပြုထူး

လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက် သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ<br>(Socila map/ Resources Map) | ၅-၁၂ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၂၄ | ၂၅ | ၄၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း<br>(Wealth Ranking) | ၅-၁၂ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၂၄ | ၂၅ | ၄၉ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင် ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ<br>(Access Mapping) | ၅-၁၂ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၂၄ | ၂၅ | ၄၉ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက်<br>(Spider Web) | ၅-၁၂ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၂၄ | ၂၅ | ၄၉ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိ သည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ<br>(Venn Diagram) | ၅-၁၂ ၂၀၁၇ | ကျေးရွာအုပ်ချုပ် ရေးအဖွဲ့ ကျေးရွာ စီထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၄ | ၂၅ | ၄၉ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်း များနှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန်<br>(Seasonal Calender) | ၂၁.၁၀. ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၂၄ | ၂၅ | ၄၉ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင် ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုး |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက် သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| | | | | | | | ကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၂၁.၁၀.၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၂၄ | ၂၅ | ၄၉ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၂၁.၁၀.၂၀၁၇ | ကျေးရွာလူထု အားလုံး | ၂၄ | ၂၅ | ၄၉ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၂၁.၁၀.၂၀၁၇ | ရွာလူထု အားလုံး | ၂၄ | ၂၅ | ၄၉ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၂၁.၁၀.၂၀၁၇ | ရွာလူထု အားလုံး | ၂၄ | ၂၅ | ၄၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | ၂၁.၁၀.၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | | | | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |